အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ
သတင်းမီဒီယာဆက်ဆံရေးရုံး
ချက်ခြင်းထုတ်ပြန်ရန်
မေ ၂၁၊ ၂၀၁၈

မှတ်ချက်

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ အုပ်ချုပ်ရေးမှူး မတ်ခ်ဂရင်း သက်ကယ်ပြင်စခန်း၌ သတင်းမီဒီယာများအား ပြောကြားချက်

သက်ကယ်ပြင်စခန်း
စစ်တွေ၊ မြန်မာ
မေ ၂၀၊ ၂၀၁၈

မေးခွန်း - ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဘာတွေ မြင်တွေ့ခဲ့ပါသလဲ။ ဝါရှင်တန်ကို ဘာတွေ ပြန်ပြီး အစီရင်ခံဖို့ ရှိပါသလဲ။

အုပ်ချုပ်ရေးမှူး ဂရင်း - ပထမဆုံးအနေနဲ့ကတော့ ကျွန်တော်ခံစားရတာပါ။ ဆိုလိုတာက မြင်ခဲ့ရသမျှကတော့ အင်မတန်ကို စိတ်ထိခိုက်စရာကောင်းပါတယ်။ ဥပမာ ဟိုဘက်လမ်းပေါ်မှာ ကလေးငယ်လေးတွေ ပြေးလွှားနေကြတာတွေ့ရတော့ ရုတ်တရက် စိတ်ထဲမှာ သူတို့ဟာ ဒီမှာမွေးဖွားလာသူတွေဆိုတာကို သတိပြုမိတယ်။ သူတို့သိတာက ဒီအဖြစ်အပျက်တွေပဲ ရှိပါတယ်။ လုံလောက်တဲ့ပညာရေးမရှိဘူး၊ သင့်တင်လျောက်ပတ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုမရှိဘူး၊ အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်လို့ မရဘူး၊ နိုင်ငံသားဖြစ်ခွင့် မရှိဘူး၊ ဒါတွေမြင်ရသူအနေနဲ့ အတော်ကို စိတ်ပူပန်မိပါတယ်။

စိတ်ဝင်စားစရာကတော့ မူဆလင်တွေ သူတို့သဘောဆန္ဒနဲ့အညီ လုံခြုံစိတ်ချစွာနဲ့ ရခိုင်ပြည်နယ်ကို ပြန်လာရေးကို ပံ့ပိုးပါတယ်လို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောခဲ့တာကိုပါ။ ဒါကို ကျွန်တော်တို့ အားလုံးကလည်း တိုက်တွန်း နေခဲ့တာဖြစ်ပြီး -- သူက ဒါကို သဘောတူတယ်လို့ ကျွန်တော် ထင်ပါတယ် -- ဒီလိုအခြေအနေတွေ ဖြစ်လာအောင် ဘယ်လို အလေးအနက် ဆောင်ရွက်နေကြတယ်ဆိုတာကို ပြသနိုင်မယ်ဆိုရင် နေရပ်ပြန်လာရေးကို အကောင်းဆုံး အားပေးတိုက်တွန်းနိုင်ပါလိမ့်မယ်။ ဒီတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဒီလို လုပ်နိုင်မယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။ အဲဒီမှာ အခွင့်အလမ်းတွေ ရှိပါတယ်။ ကျွန်တော်တို့ ဒီမနက်က ရောက်ခဲ့တဲ့နေရာပါ။ အဲဒီမှာ မူဆလင်မိသားစုနဲ့ သူတို့ ကလေးတွေ ကျောင်းတက်နိုင်အောင်၊ လွတ်လွတ်လပ်လပ် အသင်းအဖွဲ့တွေ ဖွဲ့နိုင်အောင်၊ သွားလာ လှုပ်ရှားခွင့်ရှိအောင်၊ ကောင်းမွန်တဲ့ ဆေးဝါးကုသမှုတွေ ရရှိအောင်၊ အလှူရှင်တွေကို မှီခိုမနေရအောင် အလေးအနက်ထား ဆောင်ရွက်နေကြတဲ့အကြောင်းကို ပြသဖို့ လိုပါတယ်။ ရှေ့ဆက်သွားနိုင်ဖို့အတွက် ဒါတွေက အရေးကြီးတယ်လို့ ကျွန်တော် မြင်ပါတယ်။

မေးခွန်း - ဒီမှာရှိတဲ့ နိုင်ငံတကာအဖွဲ့က လူတွေအတော်များများနဲ့ စကားပြောကြည့်ပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်တွေနဲ့ တခြား အိုင်အန်ဂျီအိုတွေပါ၊ သူတို့ရဲ့ စိုးရိမ်ပူပန်မှုတစ်ခုအဖြစ် ပြောပြတာကတော့ အခြေခံအနေနဲ့ အစိုးရရဲ့ တားမြစ်မှုတွေက ရခိုင်ပြည်နယ် အလယ်ပိုင်းမှာလား မြောက်ပိုင်းမှာလားဆိုတာကို သဲသဲကွဲကွဲမသိရတာပါ။ ဒါကို ပြဿနာတစ်ခု အနေနဲ့ မြင်ပါသလား။ ဒီကိစ္စကို အစိုးရတွေအကြားမှာ ဆက်ဆံပြောဆိုရေးအတွက် အရေးကြီးတယ်လို့ ပြောနိုင်ပါသလား။

အုပ်ချုပ်ရေးမှူး ဂရင်း - အဲဒီအကြောင်း အကျယ်ကို သံအမတ်ကြီးကပဲ ပြောပါမယ်။ ရှေ့ဆက်မပြောခင် အရေးကြီးတဲ့ အချက်လေးတွေ ပထမဆုံးအနေနဲ့ ပြောပါရစေ။ ဒီနေရာကို လာရောက်ကြည့်ရှုဖို့ ကျွန်တော်တို့ကို ခွင့်ပြုချက်ပေးပါတယ်။ ဒါကြောင့် ဒီနေရာကို လာရောက်ခွင့်နဲ့ ဒီမနက်ပိုင်းက သွားရောက်ခွင့် ပေးခဲ့တဲ့နေရာအတွက်လည်း အစိုးရကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒါဟာ တကယ့်သတင်းကောင်း။ အခြေအနေတွေကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ကြည့်ရှုခွင့်ရတဲ့ အတွက်နဲ့ လူတွေနဲ့ စကားပြောခွင့်ရတဲ့အတွက် ကျွန်တော်တို့ လိုက်လိုက်လဲလဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကတော့ ဒါဟာ အင်မတန် အရေးကြီးတယ်လို့ ယူဆပါတယ်။ ကျွန်တော် ဒီနေရာမှာ ပြောနိုင်တာကတော့ ရှေ့လျှောက်

ဘာဆက်ဖြစ်မယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်း မသိရသေးဘူးဆိုတာပါပဲ။ ဘယ်လို အစီအစဉ်တွေရှိသလဲ၊ အနာဂတ်မှာ ဘာတွေ ပြင်ဆင်ထားသလဲ ဆိုတာတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ အပြည့်အစုံ မရရင်၊ ရှင်းလင်းတဲ့ ပြောဆိုမှုတွေ မရှိရင် လူတွေရဲ့ ကြောက်ရွံ့စိုးရိမ်မှုက အကြီးမားဆုံးဖြစ်လာတာက သဘာဝပါပဲ။

ဒီတော့ ကျွန်တော်တို့ နောက်တစ်ခါ ပြန်ပြီး ဒီကိစ္စကို ပြောရပါဦးမယ်။ အစိုးရအနေနဲ့ လာမယ့် သီတင်းပတ်တွေ၊ လပိုင်းတွေမှာ သူတို့က အလေးအနက်ထားတယ်ဆိုတာကို လက်တွေ့ လုပ်ဆောင်ချက်တွေနဲ့ ပြသဖို့ အရေးကြီးဆုံးပဲလို့ ကျွန်တော် ထင်ပါတယ်။ ကိုဖီအာနန်ရဲ့ အကြံပြုချက်တွေကို သူတို့ ထောက်ခံပံ့ပိုးတယ်လို့ ကျွန်တော်တို့ ကြားပါတယ်။ ဒါတွေကို အကောင်အထည်ဖော်ပါ။ ရည်ရွယ်ချက်နဲ့ ကောင်းမွန်တဲ့စေတနာကို ပြသဖို့အတွက် လက်တွေ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့အားလုံးက မြင်ချင်ပါတယ်။

မေးခွန်း - ဒါပေမဲ့ ဒီနေရာက လုံခြုံမှုရှိသလား၊ လူတွေ ပြန်လာနေဖို့ သင့်တော်သလားဆိုတာကိုကြည့်ဖို့ ခင်ဗျားက ဒီမှာ အချိန်အတိုင်းအတာတစ်ခုအထိ ရှိနေတော့။ ခင်ဗျား ဘယ်လို ထင်မြင်ပါသလဲ။

အုပ်ချုပ်ရေးမှူး ဂရင်း- ဒါကလည်းပဲ ပြောရမယ်ဆိုရင် နေရာတချို့ကိုပဲ မြင်တာပါ။ ဒီကနေ့ အစောပိုင်းက တွေ့ခဲ့တာတွေအပေါ် ပြောရမယ်ဆိုရင်တော့ မူဆလင်လူငယ် မိသားစုတွေကို ကန့်သတ်ထားပြီး လွတ်လွတ်လပ်လပ် သွားလာလို့မရတာ၊ ပညာလွတ်လွတ်လပ်လပ် သင်ယူခွင့် မရတာ၊ အလှုရှင်တွေကတစ်ဆင့် ရတာကလွဲလို့ တခြား အစားအစာတွေ မရတာနဲ့ ဆိုတော့ နေထိုင်ဖို့ မဖြစ်နိုင်သလို အနာဂတ်အတွက်လည်း ရေရှည်တည်တန့်နိုင်တဲ့ ဖြေရှင်းချက်တစ်ခု မဟုတ်တာက ရှင်းပါတယ်။

မေးခွန်း - ဒီခရီးစဉ်တစ်လျှောက်လုံးမှာ မေးနေခဲ့သလို ရိုဟင်ဂျာတွေ နိုင်ငံမဲ့ဖြစ်နေတဲ့ အပေါ် နိုင်ငံသား ဖြစ်ရေးလမ်းကြောင်း ဒါမှမဟုတ် ဖြေရှင်းနည်းတစ်ခုခုရရေးက အဓိက ပြဿနာ တစ်ခု ဖြစ်နေပုံရပါတယ်။ ဒီကိစ္စအပေါ်မှာ ခင်ဗျား ဘာတွေ သိခဲ့ရသလဲ။ ဒီကိစ္စအပေါ်မှာ ဘာပြောနိုင်ပါသလဲ။

အုပ်ချုပ်ရေးမှူး ဂရင်း- ပထမအနေနဲ့ အချက်တချို့ကို ပြောပါမယ်။ ဒါကလည်း ပွင့်လင်း မြင်သာစွာနဲ့ ဆက်ဆံပြောဆိုရေးက အင်မတန် အကူအညီဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့က လူအမျိုးမျိုးဆီက သတင်းအမျိုးမျိုး ကြားနေရလို့ပါပဲ။ ဒီနိုင်ငံထဲက မူဆလင်တွေက ဘာကိုမှ ရေရေရာရာ မသိရဘဲ သူတို့ ဘယ်လိုအနေအထားမျိုးမှာ ရှိမလဲ ဆိုတာကို ကြောက်နေကြတယ်။ စိုးရိမ်စရာက တချို့က ကိုယ်တိုင် နိုင်ငံသားဖြစ်တယ်။ မိဘတွေက နိုင်ငံသားတွေ၊ ဘိုးဘွားတွေက နိုင်ငံသားတွေ၊ ဒါကို အခုကျတော့ သူတို့ရဲ့ စာရွက်စာတန်းတွေယူခဲ့ဖို့ အမေးခံနေရတယ်။ ဒါက သူတို့ကို နိုင်ငံသားနဲ့ ခွဲခြားလိုက်သလို ဖြစ်ပြီး သူတို့ရဲ့ သွားလာလှုပ်ရှားမှုကို ကန့်သတ်လိုက်သလို သူတို့ရဲ့ အခွင့်အရေးတွေ ကိုလည်း ကန့်သတ်လိုက်တဲ့အတွက် ဒါဟာ မှန်ကန်တဲ့ လမ်းကြောင်းကို သွားတဲ့ ခြေလှမ်းလို့ ကျွန်တော် မထင်ဘူး။

မေးခွန်း - ဒီနေရာက မြင်ရကြားရတာတွေထဲက ခင်ဗျားစိတ်ထဲမှာ စွဲထင်ကျန်ရစ်နေမယ့် မြင်ကွင်းတွေနဲ့ လူတွေရဲ့ ဇာတ်လမ်းတွေ ရှိပါသလား။

အုပ်ချုပ်ရေးမှူး ဂရင်း- ရှိပါတယ်။ အခုမကြာသေးခင်ကပဲ အခန်းထဲမှာ ဝိုင်းထိုင်ကြတော့ ကျွန်တော်နဲ့ စားပွဲတဖက်မှာ ထိုင်နေတဲ့ လူငယ်ဖခင်တစ်ယောက်က သူ့ကလေးတွေကို ကျောင်းသွားခွင့်ရဖို့ မေးခဲ့ပါတယ်။ ကျွန်တော်ထင်ပါတယ်။ အဲဒါပါပဲ။

မေးခွန်း- ဒီမှာ ကျောင်းတစ်ကျောင်းရှိတယ် ထင်တယ်။ မဟုတ်ဘူးလား။

အုပ်ချုပ်ရေးမှူး ဂရင်း- ဒါပေမဲ့ သူက တခြားသူတွေလို အခမဲ့ ပညာသင်ကြားခွင့်မရဘူး။ ဒါကတော့ အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်။

မေးခွန်း- ရခိုင်ပြည်နယ်မြောက်ပိုင်းက ရွာကို သွားခဲ့တဲ့အကြောင်း နည်းနည်းလောက် ပြောပြလို့ရမလား။ ကျွန်တော်တို့က လိုက်လို့ မရခဲ့တဲ့ နေရာအကြောင်းပါ။ အဲဒီမှာ ဘာတွေ သိလာခဲ့ရသလဲ။ ဘာတွေ မြင်ခဲ့သလဲ။ အဲဒီခရီးစဉ်အပေါ် ခင်ဗျား ဘယ်လို မြင်သလဲ။

အုပ်ချုပ်ရေးမှူး ဂရင်း - အဲဒီမှာ စီမံကိန်းတချို့ကို စတင်နေပါပြီ။ ဒေသခံအဖွဲ့တွေက ဦးဆောင်နေတာပါ။ ခင်ဗျားကို ပုံဖော်ပြပါမယ်။ ယုံကြည်မှုတည်ဆောက်ရေးအတွက်နဲ့ လူနေမှုအဖွဲ့တွေ အကြား ခိုင်မာတဲ့ ဆက်ဆံရေး တည်ဆောက်ဖို့ အတွက်၊ လူနေမှုအသိုင်းအဝိုင်းအတွင်း စည်းလုံးမှု မြှင့်တင်ဖို့အတွက်ဖြစ်ပြီး ဒါတွေက ကောင်းမွန်တဲ့ ခြေလှမ်းရပ်တွေပါပဲ။ ကျွန်တော်စိုးရိမ်တာက လူတွေကို လိုနေတဲ့ မျှော်လင့်ချက်ရဖို့ပါ။ ဒီကနေ့ထက်စာရင် နောင်လာမယ့်အရာတွေက ပိုကောင်းမယ်ဆိုတာကို လူတွေ ယုံကြည်ဖို့ လိုအပ်ပါတယ်။

ဒီတော့ အဲဒီခြေလှမ်းရပ်တွေက ကျွန်တော်တို့ ပြောရမယ်ဆိုရင် ကနဦးအဆင့်မှာပဲ ရှိသေးတယ် ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ ခြေလှမ်းတွေ ဖြစ်ပါတယ်။ နောက်ထပ် အများကြီးကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ လိုအပ်နေပြီး လူတွေအတွက်၊ မိသားစုတွေအတွက် မျှော်လင့်ချက်တွေ ပေးဖို့ လိုပါတယ်။ ထပ်ပြီးတော့ ပြောပါဦးမယ်။ မိဘတွေက သူတို့ ကလေးတွေ ကျောင်းတက်နိုင်မယ်ဆိုတာ သိဖို့လိုပါတယ်။ နိုင်ငံသားအဖြစ် အခွင့်အရေး တစ်စုံတစ်ရာ ခံစားခွင့်ရှိဖို့ လိုပါတယ်။ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်နဲ့ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုခံယူခွင့်တွေ ရှိဖို့လိုပါတယ်။ ဒီကနေ့နဲ့ စာရင် မနက်ဖြန်က အခြေအနေ ပိုကောင်းလာတာမျိုး ဖြစ်နိုင်ရပါမယ်။

သံအမတ်ကြီး မာစီရယ်လ် - ကျွန်တော်ထပ်ဖြည့်ပြောရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ တခြား နိုင်ငံတကာ အသိုင်းအဝိုင်းက ဘာတွေလုပ်ပေးနိုင်သလဲဆိုတာကိုပါ။ အားပေးကူညီ ထောက်ပံ့ ပံ့ပိုးပေးဖို့ကြိုးစားနိုင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့လုပ်နေတာတွေပါ။ ဥပမာ ဒီကနေ့ ကျွန်တော်တို့ ဒီနေ့လိုနေရာမျိုးကို သွားခဲ့သလိုမျိုးပေါ့။ လူမှုအသိုင်းအဝိုင်း တစ်ခုထဲကို မဟုတ်ဘဲ အသိုင်းအဝိုင်း နှစ်ရပ်ခုစလုံးအတွက် ဖွံ့ဖြိုးရေး အစီအစဉ်လေးတွေနဲ့ ကူညီဖို့ ကြိုးစားနေတာပါ။ လူတွေဟာ တခြား မတူတဲ့ လူမှုအသိုင်းအဝိုင်း ကနေပြီး အကျိုးရရှိနိုင်တယ်ဆိုတာကို ပြသဖို့ ကြိုးစားနေတာပါ။ ဘက်အသီးသီးမှာ ဆင်းရဲနွမ်းပါးမှုတွေ အများအပြားရှိနေတော့ ကျွန်တော်တို့က ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပြီး လူတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ ဘဝရရှိနိုင်ဖို့ ကူညီချင်တာပါ။ ဒါပေမဲ့ ဘာဖြစ်သလဲဆိုတော့အုပ်ချုပ်ရေးမှူးပြောသလိုပါပဲ။ လူမှုအသိုက်အဝန်း တစ်ခုက အတော် ဆင်းရဲနွမ်းပါးနေတယ်။ နောက်အသိုက်အဝန်း ဆင်းရဲတာတင်မကပါဘူး။ လွတ်လွတ်လပ်လပ် ကူးသန်းသွားလာခွင့်၊ ဒါမှမဟုတ် ပညာသင်ခွင့် ဒါမှမဟုတ် ဆေးကုသခွင့်တွေကိုပါ မရကြတာပါ။

ဒီတော့ကာ ပြောရမယ်ဆိုရင် ဖြေရှင်းဖို့ လိုအပ်တဲ့ ပြဿနာတွေက အများကြီးရှိနေပြီး ကျွန်တော်တို့ကတော့ ရခိုင်ပြည်နယ်ဟာ သာယာဝပြောပြီး အတိတ်က အကြမ်းဖက်မှုနဲ့ မတည်ငြိမ်မှုတွေကနေ ကင်းဝေးစေချင်ပါတယ်။ ရှေ့ဆက်ပြီး ဒီက လူမှုအသိုက်အဝန်း အားလုံးကို ကူညီဖို့ ကြိုးစားရမှာ ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ပိုမိုကောင်းမွန်တဲ့ဘဝတွေရရှိအောင် ကြိုးစာရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီတာဝန်ကတော့ မြန်မာ အာဏာပိုင်တွေအပေါ်မှာ ရှိပါတယ်။ ကျွန်တော်တို့က ကူညီနိုင်တယ်။ ပံ့ပိုးနိုင်တယ်။ ဒါပေမဲ့ မြန်မာအာဏာပိုင်တွေကသာ တကယ်တန်း ဦးဆောင်လုပ်ကိုင်သွားရပါလိမ့်မယ်။

အုပ်ချုပ်ရေးမှူး ဂရင်း - နောက်ဆုံး စဉ်းစားမိတာတစ်ခု ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်ခါတစ်လေ ကျွန်တော်တို့ သတိမမူမိတာလေးတွေ ရှိလို့ပါ။ ကွန်တော်တို့ဟာ အထူးသဖြင့် လူငယ် အမျိုးသား၊ အမျိုးသမီးလေးတွေကို လေးစားချီးကျူးဖို့လည်း လိုပါတယ်။ သူတို့ဟာ အလှူရှင် အသိုင်းအဝိုင်း၊ ကုလသမဂ္ဂ အသိုင်းအဝိုင်းတွေနဲ့ ပူးပေါင်းပြီး တကယ့်ကို ကောင်းမွန် အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နေကြတာပါ။ သူတို့ဟာ အင်မတန်ကို ကြိုးစားပန်းစားနဲ့ လူတွေရဲ့ ဘဝတွေကို မြှင့်တင်ပေးဖို့ လုပ်ဆောင်နေပါတယ်။ လူမှုရေး စာနာမှုတွေကို ဖော်ဆောင်ဖို့ လုပ်ဆောင်နေတာ ဖြစ်တဲ့အတွက် သူတို့ကို အထူးပဲ ကျေးဇူးတင် ဂုဏ်ပြုရမှာပါ။ ကျွန်တော် သူတို့ကို အင်မတန် လေးစားပါတယ်။ ဒီကနေ့ဟာ ဆိုရင် အင်မတန် ပူပြင်းပါတယ်။ ကျွန်တော်တို့အားလုံးလည်း ချွေးသီးချွေးပေါက်တွေနဲ့ပါ။ ဒီအမျိုးသား အမျိုးသမီးတွေဟာ ဒီလို အခြေအနေအောက်မှာ အကောင်းဆုံး ကြိုးပမ်း လုပ်ဆောင်နေကြတာပါ။ သူတို့ဟာ တစ်ကမ္ဘာလုံးရဲ့ အသွင်နဲ့ အသံတွေကို ကိုယ်စားပြု နေကြတာပါ။ သူတို့ရဲ့ လုပ်ရပ်တွေအတွက် ကျေးဇူးတင်ပါတယ်။

မစ္စတာ မက်ကလဲစကီး - ဒီမှာပဲ ရပ်လိုက်ပါမယ်၊ ဒါပေမဲ့ ကျွန်တော်တို့ တရားဝင် ပြောပါမယ် --

သံအမတ်ကြီး စတောလား - ကျွန်တော် အချက်လေးတစ်ချက် ထောက်ပြချင်ပါတယ်။ ကမ္ဘာ့ ဘယ်နေရာမှာမဆို ဒုက္ခသည်တွေ နေရပ်ပြန်ရေးအကြောင်း စဉ်းစားတဲ့အခါမှာ နေရပ်မှာ ကျန်နေခဲ့ပြီး ဒေသတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူတွေ ဘယ်လို အခြေအနေမှာရှိနေသလဲ ဆိုတဲ့အချက်ကလည်း အရေးကြီးတဲ့ အညွှန်းတစ်ခု ဖြစ်နေတယ်ဆိုတဲ့ အချက်ပါ။ သူတို့ ဘာတွေ ဖြစ်နေသလဲ ဆိုတဲ့ သတင်းတွေကလည်း နိုင်ငံပြင်ပက ဒုက္ခသည်စခန်းတွေကို ရောက်သွားမှာပါ။ ဒါကြောင့် ပြည်တွင်းကနေရပ်စွန့်ခွာထွက်ပြေးနေရသူတွေအပေါ် ဘယ်လို ပြုမူဆက်ဆံတယ် ဆိုတာက တကယ်ပဲ အရေးကြီးပါတယ်။ ဒါက အုပ်ချုပ်ရေးမှူး ပြောခဲ့တဲ့ ပညာရေး၊ ဝန်ဆောင်မှုတွေ ရရှိရေးနဲ့ လွတ်လွတ်လပ်လပ် သွားလာခွင့်ရရှိရေးတွေ နဲ့ ဆက်စပ်နေပါတယ်။

ဒီကိစ္စတွေက ဒုက္ခသည်တွေ နောက်ဆုံးမှာ နေရပ်ပြန်လာနိုင်ရေးအတွက် အထောက်အကူ များစွာ ဖြစ်စေပါမယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ အုပ်ချုပ်ရေးမှူး ပြောသွားခဲ့သလိုပါပဲ၊ လူမှုအသိုက်အဝန်း နှစ်ရပ်စလုံးနဲ့ ကျွန်တော်တို့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ သူတို့ ဘာတွေ လိုအပ်သလဲ၊ ဘယ်လို အစီအစဉ် ပရောဂျက်မျိုးက သူတို့အတွက် တန်ဖိုး ရှိမလဲလို့ မေးတော့ သူတို့ပြောတဲ့အပေါ် ကျွန်တော် အံ့ဩသွားခဲ့ပါတယ်။ သူတို့က လမ်းတွေ လိုအပ်တဲ့အကြောင်း ပြောပါတယ်။ သူတို့က ဆက်သွယ်ရေးကို လိုချင်ပါတယ်။

###